# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၈/ ၂၀၂၃)　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၂) ရက်

| ၂၂-၆-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၁၀.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၆.၃ |
| စတာလင်ပေါင် | ၂,၆၈၆.၀ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၇၉.၄ |
| တရုတ်ယွမ် | ၂၉၂.၅၀ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၈.၂၀ |
| အိန္ဒိယရူပီး | ၂၅.၆၂၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၂.၁၉ |
| မလေးရှားရင်းဂစ် | ၄၅၁.၅၂ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၇၃၈ |
| ထိုင်းဘတ် | ၅၉.၉၁၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၂၇၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယအစိုးရက ဂျုံသိုလှောင်မှုပမာဏ ကန့်သတ်ချက်အား ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် သတ်မှတ်

➢ ယူကရိန်းနိုင်ငံမှ တင်ပို့မှုများကြောင့် အိန္ဒိယနိုင်ငံတွင် နေကြာဆီဈေးနှုန်းများ ကျဆင်း

➢ တရုတ်နိုင်ငံ၌ ကောက်ပဲသီးနှံများ ဆုံးရှုံးမှုကို လျှော့ချရန်အတွက် စက်ယန္တရားများကို ပိုမိုအသုံးပြုလာ

➢ ရုရှားနိုင်ငံမှ ပဲပုပ်များ တရုတ်နိုင်ငံသို့ ရောက်ရှိလာ၍ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အားအင်သစ်များဖြစ်

- **အထွေထွေသတင်းများ**

➢ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် တရုတ်နိုင်ငံ၏ ပို့ကုန်သည် မေလတွင် ကျဆင်းခဲ့

➢ တရုတ်-ဥရောပ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရေးအတွက် တရုတ်နှင့် ဂျာမနီတို့သည် စံနမူနာပြသင့်

➢ နိုင်ငံခြားကုန်သွယ်မှုတိုးတက်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချမြင့် တက်လာခဲ့

➢ အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုတွင် မေလ၌ သွင်းကုန်မြင့်တက်လာခြင်းသည် ပြည်တွင်း စီးပွားရေးတည်ငြိမ်မှုကို ပြသနေကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်

# အိန္ဒိယအစိုးရက ဂျုံသိုလှောင်မှုပမာဏ ကန့်သတ်ချက်အား ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် သတ်မှတ်

နံ့စားသီးနှံများ၏ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် အိန္ဒိယဗဟိုအစိုးရက နောက်နှစ် မတ်လ ၃၁ ရက် အထိ ဂျုံသိုလှောင်ထားရှိနိုင်သည့် ပမာဏကန့်သတ်ချက်အား ချမှတ်ပြဋ္ဌာန်းခဲ့ကြောင်း စားနပ်ရိက္ခာအတွင်းဝန်ဖြစ်သူက Sanjeev Chopra ပြီးခဲ့သည့် တနင်္လာနေ့က ပြောကြားခဲ့ကြောင်း၊ အစိုးရအနေဖြင့် တတိယအကြိမ် ကြိုတင်ခန့်မှန်းတွက်ချက်မှုတွင် ယခုနှစ်၌ ဂျုံတန်ချိန် သန်းပေါင်း ၁၁၂.၇၄ သန်း ထွက်ရှိမည်ဟုခန့်မှန်းထားသော်လည်း အဆိုပါ ထုတ်ပြန်ချက် ထွက်ပေါ်လာပါကြောင်း၊ ဂျုံသိုလှောင်ထားရှိမှုပမာဏ ကန့်သတ်ချက် နောက်ဆုံးထုတ်ပြန်ခဲ့မှုမှာ ၂၀၀၈ ခုနှစ်က ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်လတွင် နံ့စားသီးနှံဈေးနှုန်းမှာ ဈေးကွက်တွင် ၈.၁၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး လာမည့်ကာလတွင် ပြည်တွင်း လက်လီ၊ လက်ကား ရောင်းဝယ်ရေး ဈေးနှုန်းများအပေါ်တွင် သက်ရောက်မှုများ ရှိလာနိုင်သည်ဟု စားနပ်ရိက္ခာဌာနမှ သိရှိရကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

အစိုးရအနေဖြင့် ဂျုံဈေးနှုန်း တည်ငြိမ်မှုရှိစေရန်အတွက် ၁ quintal ( 100 Kg) လျှင် အနိမ့်ဆုံးဈေးနှုန်း ရူပီး ၂၁၅၀ ဖြင့် ဂျုံတန်ချိန် ပေါင်း ၁.၅ မီလီယံကို ဈေးကွက်အတွင်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဈေးကွက်အတွင်းလွတ်လပ်စွာဝယ်ယူရောင်းချရေး အစီအစဉ်အောက်တွင် ကုန်သည်ကြီးများသို့ ဆန်များဖြန့်ဖြူးပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဖြန့်ဖြူးရောင်းချပေးမည့်ပမာဏကို သင့်လျော်သည့်အချိန်တွင် ဆုံးဖြတ်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ယခုကာလအတွင်း ဂျုံတင်သွင်းမှု မူဝါဒအားပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း၊ ယခုအချိန်မှစ၍ သကြားတင်ပို့မှုကိုလည်း ခွင့်ပြုသွားမည် မဟုတ်ကြောင်း Chopra က ပြောကြားထားပါသည်။

ဂျုံ လက်ကားရောင်းချသူများနှင့် ကုန်သည်များ၏ သိုလှောင်နိုင်မှုကို တန်ချိန် ၃၀၀၀ အထိ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လက်လီရောင်းချသူများအတွက် ၁၀ တန်အထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး ဆိုင်ခွဲပေါင်းများစွာဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီကြီးများအတွက် လက်ခွဲဆိုင် တစ်ခုလျှင် ၁၀ တန်စီနှင့် ၎င်းတို့၏ အဓိက သိုလှောင်ရုံတွင် တန်ချိန် ၃၀၀၀ အထိ သိုလှောင်ထားရှိမှုကို ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ဂျုံစက်ရုံများအတွက် နှစ်စဉ်ထုတ်လုပ်နိုင်မှုပမာဏ ၏ ၇၀ ရာခိုင်နှုန်းအား သိုလှောင်းထားရှိခွင့် သို့မဟုတ် လစဉ်ထုတ်လုပ်နိုင်မှု ပမာဏကို ၂၀၂၃-၂၄ သီးနှံစိုက်ပျိုးသည့် ရာသီအတွင်း ကျန်ရှိသည့်လနှင့်မြှောက်၍ ရရှိသည့်ပမာဏတို့အနက် နည်းသည့်ပမာဏကို သိုလှောင်ထားရှိခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ဂျုံလုပ်ငန်းအား လေ့လာစောင့်ကြည့်နေသူများက ယခုဆောင်ရွက်ချက်သည် ဂျုံစက်ရုံများ အတွက် သတင်းဆိုးဖြစ်သည်ဟု ပြောကြားထားကြောင်းနှင့် အိန္ဒိယတောင်ပိုင်းရှိ ဂျုံစက်ရုံ အများစု သည်ဂျုံများကို အမြင့်ဈေးနှုန်းဖြင့်ဝယ်ယူထားကြကြောင်း ဂျုံမှုန့်စက်ရုံလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဖြစ်သူ Pramod Kumar S က ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

Source : First in 15 years : Government puts stock limit on wheat, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

........................................................................................

## ယူကရိန်းနိုင်ငံမှ တင်ပို့မှုများကြောင့် အိန္ဒိယနိုင်ငံတွင် နေကြာဆီ ဈေးနှုန်းများကျဆင်း

အိန္ဒိယနိုင်ငံဈေးကွက်သို့ ယူကရိန်းနိုင်ငံမှ နေကြာဆီများ များပြားစွာ ဝင်ရောက်လာသည့် အတွက် နေကြာဆီဈေးနှုန်းသည် ပဲပိစပ်ဆီ ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းသွား ကြောင်း လူသုံးကုန်ပစ္စည်းရောင်းချသည့် ကုမ္ပဏီများဖြစ်သည့် Adani Wilmar ကုမ္ပဏီ၊ Geminin Edibles & Fats India ကုမ္ပဏီနှင့် Tirupati Agritrade ကုမ္ပဏီတို့က ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

ယူကရိန်းနိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ဂျုံတင်ပို့မှုကိုလည်း မြင့်တင်ဆောင်ရွက်လျှက်ရှိပြီး ပြီးခဲ့သည့်နှစ်လအတွင်း ၁၀ ရာခိုင်နှုန်း မှ ၁၁ ရာခိုင်နှုန်းထိ တရိုန်ထိုး တိုးတက်တင်ပို့ခဲ့သည့် အ တွက် အိန္ဒိယနိုင်ငံရှိ ဂျုံဈေးနှုန်းကိုလည်း သက်ရောက်မှုများ ရှိနိုင်ပါကြောင်း၊ ဂျုံဈေးနှုန်း အေးစက် နေသည့်အချိန်တွင် Bihar ၊ Uttar Pradesh ၊ Madhya Pradesh နှင့် Odisha ပြည်နယ်တို့တွင် မိုးနှောင်းဆန်ထွက်ရှိမှု ကျဆင်းခဲ့သည့်အတွက် ပြီးခဲ့သည့် နှစ်ပတ်အတွင်း ၁၅ ရာခိုင်နှုန်းထိ ဈေး နှုန်းမြင့်တက်လာသည် ကိုတွေ့ရှိရသည်ဟု အထက်ပါ ကုမ္ပဏီများက ပြောကြားထားကြောင်း သိ ရှိရပါသည်။

လတ်တလောတွင် ပဲပိစပ် ဆီဈေးနှုန်းမှာ တစ်လီတာလျှင် ရူပီး ၁၃၀ ခန့် ရှိနေသော်လည်း နေကြာဆီဈေးနှုန်းများမှာ လက်လီအရောင်းဆိုင်များ၌ တစ်လီ တာလျှင် ရူပီး ၁၁၀ မှ ၁၂၀ ကြား တည်ငြိမ်လျှက်ရှိပြီး ယူကရိန်းသည် နေကြာဆီများစွာကို အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိသည့် အတွက် ဈေးနှုန်းသက်သာသည့် နေကြာဆီဝယ်လိုအားကောင်းလာမည်ဟု မျှော်လင့်ထား သည်ဟု Adani Wilmar ကုမ္ပဏီ၏ Managing Director ဖြစ်သူ Angshu Mallick က ပြောကြား ထားပါသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်စဉ် နေကြာဆီ တန်ချိန် သန်းပေါင်း ၂ သန်းမှ ၂.၅ သန်းအထိ တင်သွင်းလျှက်ရှိကြောင်း Economic Times သတင်းစာက ဖော်ပြထားပါသည်။

Source: Sunflower Oil Prices fall as Ukraine ships stock to India, The Economic Times,
မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.......................................................................................................

## တရုတ်နိုင်ငံ၌ ကောက်ပဲသီးနှံများ ဆုံးရှုံးမှုကို လျှော့ချရန်အတွက် စက်ယန္တရားများကို ပိုမိုအသုံးပြုလာ

တရုတ်နိုင်ငံတစ်ဝှမ်းလုံးတွင် ဂျုံရိတ်သိမ်းမှု စတင်နေပြီး ဟော်နန်(Henan)၊ ကျန်းစူး (Jiangsu)၊ ရှန်ရှီး(Shaanxi)နှင့် ရှန်းတုန်း(Shandong)အပါအဝင် ဂျုံအဓိကထွက်ရှိသည့် ပြည်နယ်များတွင် ရာသီဥတုကောင်းမွန်လျက်ရှိသဖြင့် လယ်သမားများသည် စက်များနှင့် သီးနှံများကို နေ့ရောညပါ ရိတ်သိမ်းလျက်ရှိကြောင်း chinadaily.com သတင်းဌာနက ဖော်ပြထားပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ ဆောင်းသီးနှံ ဂျုံ ဟက်တာ (၁၅.၉)သန်းကျော်ကို ၁၁-၆-၂၀၂၃ ရက်နေ့တွင် စတင်ရိတ်သိမ်းခဲ့ပြီး စုစုပေါင်းစိုက်ပျိုးဧရိယာ၏ (၇၅)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ဂျုံရိတ်သိမ်းမှု ပိုမိုထိရောက်စေရန်နှင့် သီးနှံဆုံးရှုံးမှုကို လျှော့ချရန်အတွက် ယခုနှစ်တွင် စက်များကို တွင်ကျယ်စွာ အသုံးပြုနေကြောင်း ဟော်နန်(Henan)ပြည်နယ်သည် သီးနှံဆုံးရှုံးမှု နည်းပါးစေရန် မိုးဒဏ်ခံရသော ဂျုံဟက်တာ (၅.၆၇)သန်း အပါအဝင် ဂျုံခင်းများကို ရိတ်သိမ်းခြင်းနှင့် အခြောက်ခံခြင်းတို့ကို စက်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။

အဆိုပါပြည်နယ်သည် ရှည်လျားသော မိုးရာသီကို ကြုံတွေ့ခဲ့ရပြီး သီးနှံရိတ်သိမ်းမှုကို ထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် သီးနှံရိတ်သိမ်းရာတွင် ထိရောက်မှုရှိစေရန်အတွက် combine harvesters (၂၁၆,၀၀၀)အပါအဝင် စက်ယန္တရား(၄)သန်းခန့်ကို အသုံးပြုခဲ့ကြောင်း အဆိုပါဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မိုးရွာပြီးနောက် wheeled combine harvesters များသည် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်း မရှိသဖြင့် သီးနှံရိတ်သိမ်းရန် crawler harvesters (၃၀,၀၀၀)ကို ထပ်မံ အသုံးပြုခဲ့ပြီး ရိတ်သိမ်းပြီး

သီးနှံများကို အခြောက်ခံရန်အတွက် အခြောက်ခံစက် (၄,၆၆၀)ကိုလည်း နေ့ရောညပါ အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။

ဟော်နန်ပြည်နယ်မြောက်ပိုင်းရှိ ရှန်းတုန်းပြည်နယ်၌ ဂျုံဟက်တာ (၄)သန်း၏ (၅၆.၂) ရာခိုင်နှုန်းကို ၁၁-၆-၂၀၂၃ ရက်နေ့တွင် ရိတ်သိမ်းခဲ့ကြောင်း ရှန်တုန်ပြည်နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဌာန၏ ပြောကြားချက်အရ သိရှိရပါသည်။

ယခုနှစ်တွင် ရှန်းတုန်းပြည်နယ်တွင် သီးနှံရိတ်သိမ်းမှုထိရောက်စေရန်နှင့် ဆုံးရှုံးမှုကို လျှော့ချရန်အတွက် လယ်သမားများအား အလိုအလျောက် မောင်းနှင်သည့်စနစ်နှင့် Beidou လမ်းကြောင်းပြစနစ်တို့ကို တပ်ဆင်ရန် အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ယန္တရားများ၏ ရောင်းလိုအားနှင့် ဝယ်လိုအားကို ကိုက်ညီစေရန်အတွက် ရှန်းတုန်ပြည်နယ် Ningyang စီရင်စုရှိ စိုက်ပျိုးရေးသမဝါယမအသင်းများမှ တစ်ဆင့် လယ်သမားအရေအတွက်နှင့် စိုက်ပျိုးရေးစက်လိုအပ်ချက်တို့နှင့်ပတ်သက်သည့် အချက်အလက်များကို စုဆောင်းပေးသည့် model တစ်ခုကို စမ်းသပ်ခဲ့ပြီးနောက် ဝယ်လိုအားအရ စက်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ယန္တရားများ ထောက်ပံ့ပေးခြင်းသည် ဂျုံစိုက်ပျိုးသူများကို အချိန်မီရိတ်သိမ်းနိုင်စေသည်ဟု ခရိုင်စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဗျူရိုမှ ဒါရိုက်တာ Hou Dianchen ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: [www.chinadaily.com.cn/a/202306/13/WS6487b5e3a31033ad3f7bbe18.html](www.chinadaily.com.cn/a/202306/13/WS6487b5e3a31033ad3f7bbe18.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

Agribusiness & Trade

## ရုရှားနိုင်ငံမှ ပဲပုပ်များ တရုတ်နိုင်ငံသို့ ရောက်ရှိလာ၍ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အားအင်သစ်များဖြစ်

ရုရှားနိုင်ငံမှ တင်ပို့ခဲ့သည့် ပဲပုပ် (၂၇၁.၆)တန်သည် တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Manzhouli ဆိပ်ကမ်းသို့ ၂-၆-၂၀၂၃ ရက်နေ့တွင် ရောက်ရှိခဲ့ရာ တရုတ်နိုင်ငံကို ရုရှားအပါအဝင် Eurasian Union အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ပေးထားသည့် New Land Grain Corridor ကို အသုံးပြု၍ စတင်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံမှ ပဲပုပ်တင်သွင်းမှုသည် တရုတ်နှင့်ရုရှားတို့အကြား လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်မှုတွင် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပြသရုံသာမက စားနပ်ရိက္ခာဖူလုံရေးအတွက် ရောင်းချသူတစ်ဦးတည်း အထူးသဖြင့် အမေရိကန်နိုင်ငံအပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချ၍ မတူညီသော ရောင်းချသူများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရေရှည်တွင် ရုရှားမှ ပဲပုပ်ရောင်းချမှု သိသိသာသာတိုးလာမည်ဟု မျှော်လင့်ထားကြောင်း၊ ရုရှားမှ ပဲပုတ်အပါအဝင် ကောက်ပဲသီးနှံ တန်ချိန် (၈)သန်းခန့်သည် Manzhouli ဆိပ်ကမ်းတစ်ခု တည်းသို့ နှစ်စဉ်ရောက်ရှိမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုတွင် တွန်းအားသစ်များ ရရှိစေမည်ဖြစ် ကြောင်း Global Times ၏ လေ့လာချက်အရ သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပဲပုပ်ကို အဓိကစားသုံးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည် ကောက်ပဲသီးနှံအမြောက်အမြားထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပဲပုတ်စိုက်ပျိုးခြင်းမှအစ ပြုပြင်ထုတ်လုပ်ခြင်း၊ သုတေသနပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုစသည့် နယ်ပယ်များ တွင် ပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်လာကြကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံမှ သွင်းကုန်လမ်းကြောင်းသစ်သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး ပဲပုတ်တင်သွင်းမှုအတွက် အမေရိကန်ကဲ့သို့ နိုင်ငံတစ်ခုတည်းအပေါ် မှီခိုအားထားမှုကို လျှော့ချရန် တွန်းအားပေးမှုတစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။

Manzhouli ဆိပ်ကမ်းမှတစ်ဆင့် ပထမဆုံးသယ်ယူပို့ဆောင်မှုသည် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုမဟာဗျူဟာနှင့် ပြည်ပနှင့် စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု အတွက် မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူမှုအဖွဲ့ချုပ် ၏ ဒါရိုက်တာ Kang Shuchun က Global Times သို့ ၄-၆-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသုံးသော ပဲပုတ်၏ (၈၅)ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် (၁၀၀)သန်း နီးပါးကို နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်းနေရပြီး အမေရိကန်နှင့် ဘရာဇီးလ်တို့သည် အဓိက တင်သွင်းသူများဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ ပြည်ပမှတင်သွင်းမှုများအပေါ် အလွန် အမင်း မှီခိုနေရခြင်းကြောင့် ပဲပုပ်ထုတ်လုပ်မှု စွမ်းရည်နှင့် ပြည်တွင်းဖူလုံမှုနှုန်း တိုးမြှင့်ရန်လိုအပ် သည်ဟု ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ရုရှားနိုင်ငံမှ ပဲပုတ်သည် တရုတ်နိုင်ငံ၏ စုစုပေါင်းပဲပုတ်တင်သွင်းမှုပမာဏ၏ အနည်းငယ်မျှသာ ရှိသော်လည်း တရုတ်နိုင်ငံအနေဖြင့် ပဲပုတ်ထုတ်လုပ်နိုင်မှုနည်းပါးခြင်းနှင့် ရုရှားပဲပုတ်၏ အရည်အသွေးမြင့်မားခြင်းတို့ကြောင့် အနာဂတ်တွင် အခွင့်အလမ်းများကို အသုံးချရန် အလားအလာရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားပဲပုတ်သည် ပရိုတင်းဓာတ်ပါဝင်မှု မြင့်မားသည့်အပြင် မျိုးဗီဇပြုပြင်မွမ်းမံထားခြင်း မရှိသည့်အတွက် တရုတ်စားသုံးသူများ၏ လက်ခံသုံးစွဲမှုကို ရရှိမည်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် နိုင်ငံရေးအရ ခိုင်မာသောဆက်ဆံရေးကို ရရှိထားပြီး နှစ်နိုင်ငံအကြား ရှည်လျားသော နယ်နိမိတ်ထိစပ်မှုလည်းရှိနေကြောင်းနှင့် Tongjiang-Nizhneleninskoye ရထားလမ်း အပါအဝင် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများ ပိုမိုဖွင့်လှစ်ပြီးနောက် နှစ်နိုင်ငံကုန်သွယ်မှုသည် ပိုမိုလွယ်ကူမြန်ဆန်လာကြောင်းလည်း သိရှိရပါသည်။

Source: https://www.globaltimes.cn/page/202306/1291902.shtml

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

## ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် တရုတ်နိုင်ငံ၏ ပို့ကုန်သည် မေလတွင် ကျဆင်းခဲ့

တရုတ်နိုင်ငံ၏ ပို့ကုန်သည် မေလတွင် မျှော်လင့်ထားသည်ထက် ပိုမိုမြန်ဆန်စွာ ကျဆင်းသွားပြီး သွင်းကုန်များလည်း ကျဆင်းနေကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် ပြည်ပဝယ်လိုအား ရရှိရန် ရုန်းကန်နေရကာ ပြည်တွင်းစားသုံးမှုမှာလည်း နှေးကွေးနေကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်၏ ပို့ကုန်တင်ပို့မှုသည် ဧပြီလတွင် (၈.၅)% တိုးတက်ခဲ့သော်လည်း မေလတွင် ယခင်နှစ်ထက် (၇.၅)% ကျဆင်းခဲ့ပြီး ဇန်နဝါရီလနောက်ပိုင်း အကြီးမားဆုံး ကျဆင်းမှုဖြစ်ကြောင်း၊ မေလ၌ သွင်းကုန်တွင်လည်း (၄.၅)% ကျဆင်းသွားကာ ယခင်လက (၇.၉)% ထက် ကျဆင်းမှု နည်းသွားခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်ကျဆင်းခြင်းသည် တရုတ်ကုန်ပစ္စည်းများ၏ ဝယ်လိုအားကျဆင်းမှုကို ထင်ဟပ်စေလျက်ရှိပြီး တရုတ်နိုင်ငံသည် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရန် ပြည်ပမှ အစိတ်အပိုင်းများနှင့် ပစ္စည်းကိရိယာများကို တင်သွင်းလျက်ရှိရာ သွင်းကုန်ကျဆင်းခြင်းနှင့်လည်း ဆက်စပ်နေကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ အချက်အလက်များအရ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် မေလတွင် (၂၀.၈)% ကျဆင်းသွားသည်ကို ပြသခဲ့ကြောင်း၊ ကိုရီးယားမှ semiconductor တင်ပို့မှုသည် (၃၆.၂)% ကျဆင်းသွားရာ ကုန်ချောထုတ်လုပ်သူများမှ အစိတ်အပိုင်းများ ဝယ်လိုအား လျော့နည်းနေသည်ကို ပြသနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ပို့ကုန်ကျဆင်းမှုသည် ကမ္ဘာ့စီးပွားရေး နှေးကွေးနေချိန်တွင် တရုတ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအားအပေါ် မှီခိုရန် လိုအပ်နေသည်ကို ပြသလျက်ရှိပြီး ကမ္ဘာ့ဝယ်လိုအားသည် ဒုတိယနှစ်ဝက်တွင် ပိုမိုကျဆင်းလာဖွယ်ရှိကြောင်း၊ ထို့ကြောင့် ကျန်ကာလများတွင် ပြည်တွင်းစားသုံး မှုကိုမြှင့်တင်ရန် တရုတ်အစိုးရအတွက် ဖိအားများရှိလာနိုင်ကြောင်း Pinpoint Asset Management မှ စီးပွားရေးပညာရှင် Zhiwei Zhang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုအခါ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် စက်ရုံများတွင် ထုတ်လုပ်မှုဆက်လက် နှေးကွေးနေသဖြင့် လေ့လာသုံးသပ်သူများသည် ကျန်တစ်နှစ်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာမျှော်မှန်းချက်များကို လျှော့ချလိုက်ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရသည် ၂၀၂၂ ခုနှစ် မျှော်မှန်းချက်ကို လွဲချော်ခဲ့ပြီးနောက် ယခုနှစ်အတွက် GDP တိုးတက်မှုကို (၅)% ဝန်းကျင်သာ မျှော်မှန်းထားကြောင်း သိရှိရပါသည်။

Source: https://www.cnn.com/2023/06/07/economy/china-trade-may-exports-hnk-intl/index.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

.......................................................................................

## တရုတ်-ဥရောပ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရေးအတွက် တရုတ်နှင့် ဂျာမနီတို့သည် စံနမူနာပြသင့်

တရုတ်နှင့် ဂျာမနီတို့သည် စီးပွားရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မာစေရေး အတူတကွပူးပေါင်းဆောင်ရွက်သင့်ကြောင်းနှင့် တရုတ်နှင့် ဥရောပအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် စံနမူနာအဖြစ် ဦးဆောင်လမ်းပြသွားရန် ဂျာမနီနိုင်ငံသို့ ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် Li Qiang က ၂၀-၆-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း xinhuanews ၌ဖော်ပြထားပါသည်။

တရုတ်ဝန်ကြီးချုပ်သည် ဂျာမနီဝန်ကြီးချုပ် Olaf Scholz နှင့်အတူ (၁၁)ကြိမ်မြောက် တရုတ်-ဂျာမနီ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်စဉ် အမှာစကားပြောကြားခဲ့ခြင်းဖြစ်ပြီး ဖိုရမ်သို့ တရုတ်နှင့် ဂျာမန်စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၂၀၀)ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော အုတ်မြစ်အဖြစ် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးလမ်းကြောင်းကို အမိအရဆုပ်ကိုင်ရန်၊ လွတ်လပ်သော ကုန်သွယ်မှုကို အားပေးထောက်ခံရန်နှင့် လူသားတို့၏ ဘုံသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် လိုအပ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်ကတည်းက တရုတ်နှင့် ဂျာမနီတို့သည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး စီးပွားရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အတက်ကြွဆုံးဖြစ်ကာ ဘက်စုံ၊ နယ်ပယ်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ကို တဖြည်းဖြည်း ပုံဖော်လာခဲ့ကြကြောင်း သိရှိရပါသည်။

တရုတ်-ဂျာမနီ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုသော့ချက်မှာ အပြန်အလှန် လေးစားသည့် စိတ်ဓာတ်ဖြင့် ကွဲပြားမှုများကို ဘေးဖယ်ထားကာ ဘုံသဘောတူညီမှု၊ အပြန်အလှန်အကျိုးအမြတ်ရှိမှုနှင့် လက်တွေ့ကျပြီး ဆန်းသစ်တီထွင်သော ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှာဖွေခြင်းဖြစ်သည်ဟု Li ကပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

ထို့အတူ ဂျာမနီသည် ဂလိုဘယ်လိုက်ဖေးရှင်းကို ဆန့်ကျင်သည့်လမ်းကြောင်းကို ကျင့်သုံးမည်မဟုတ်ကြောင်း၊ ပွင့်လင်းသောမူဝါဒကို ကျင့်သုံးမည်ဖြစ်ပြီး၊ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ခိုင်မာစေရန်နှင့် ကပ်ရောဂါဖြစ်ပွားပြီးနောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်သွားရန် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဂျာမနီဝန်ကြီးချုပ် Scholz က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်-ဂျာမနီ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ မတက်ရောက် မီ Li နှင့် Scholz တို့သည် တရုတ်နှင့် ဂျာမန်စွန့်ဦးတီထွင်သူ စီးပွားရေးကိုယ်စားလှယ် (၃၀) ကျော်နှင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ဂျာမနီအနေဖြင့် ၎င်း၏ဈေးကွက်ကို ပွင့်လင်းမြင်သာစွာ ဆက်လက်ထားရှိရန်နှင့် ဂျာမနီတွင် တရုတ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် တရားမျှတ၍ ပွင့်လင်းမြင်သာမှုနှင့် ခွဲခြားမှု

Agribusiness & Trade

မရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဟု မျှော်လင့်ကြောင်း Li က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် ဒစ်ဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသောဖွံ့ဖြိုးတိုးတက်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာကောင်းများ ရှိနေသည်ဟု Li က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နှင့် ဂျာမနီတို့သည် အရေးပါသော ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များဖြစ်ကြပြီး နှစ်နိုင်ငံစီးပွားရေးအသိုက်အဝန်းများသည် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေးမူဝါဒကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်း စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230621/34c2ddc879864cae84a1433d909fc30a/ c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………

## နိုင်ငံခြားကုန်သွယ်မှုတိုးတက်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချမြင့် တက်လာခဲ့

ပုံမှန်အားဖြင့် ကုန်အပြည့်ပါသည့် ကွန်တိန်နာနှင့် ကွန်တိန်နာအလွတ်များကို တစ်နေ့လျှင် အလုံး (၈၀၀)ခန့်ကို ကုန်တင်ကုန်ချဆောင်ရွက်နိုင်သော်လည်း လက်ရှိတွင် ဆိပ်ကမ်းမှ ဖြတ်သန်းသွားသော ကွန်တိန်နာအများစုသည် ပို့ကုန်များ ပြည့်ကျပ်နေသောကြောင့် ကုန်တင် ကုန်ချချိန် ပိုမိုကြာမြင့်သဖြင့် တစ်ရက်လျှင် ကွန်တိန်နာအလုံး (၅၀၀)ခန့်သာ သယ်ယူပို့ဆောင်နိုင်ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ Beibu Gulf Port ဖြစ်သည့် ချင်းကျိုးဆိပ်ကမ်းမှ ကွန်တိန်နာကရိန်းမောင်းသူ Huang Zhiyi ကပြောကြားခဲ့သည်ဟု ရှင်းဟွာသတင်းဌာန၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ စုစုပေါင်းသွင်းကုန်နှင့် ပို့ကုန်သည် ၂၀၂၃ ခုနှစ်၊ ပထမငါးလတွင် ယွမ် (၁၆.၇၇) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂.၃၆ ထရီလီယံခန့်)ရှိခဲ့ပြီး ယခင်နှစ်ထက် (၄.၇) ရာခိုင်နှုန်း တိုးလာသဖြင့် ပြင်ပဝယ်လိုအား လျော့နည်းနေချိန်၌ပင် ပို့ကုန်သွင်းကုန်ကျဆင်းခဲ့ခြင်းမရှိကြောင်း၊ အဆိုပါကာလအတွင်း ပို့ကုန်သည် ယခင်နှစ်ထက် (၈.၁)ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး သွင်းကုန်သည် (၀.၅)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့

(General Administration of Customs–GACC)မှ ယခုလ အစောပိုင်းတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံ၏စီးပွားရေး စဉ်ဆက်မပြတ် ပြန်လည်ကောင်းမွန်လာခြင်းသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကို ကြီးမားစွာ တွန်းအားပေးနေကြောင်း၊ ဈေးကွက်အခွင့်အလမ်းများကို ထိထိရောက်ရောက် ဆုပ်ကိုင်ထားနိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပဝယ်လိုအား လျော့နည်းလာခြင်းကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် အကူအညီဖြစ်စေရန် အစိုးရအနေဖြင့် မူဝါဒအစီအမံများကိုလည်း ဆက်တိုက်ထုတ် ပြန်ထားကြောင်း GAC မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Lyu Daliang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

နိုင်ငံခြားကုန်သွယ်မှုသည် အရှိန်အဟုန်ဖြင့် ပြန်လည်ဦးမော့လာခြင်းကြောင့် ပြည်ပသို့ တင်ပို့မည့် ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကွန်တိန်နာ အရေအတွက် သိသိသာသာ တိုးလာခဲ့ကြောင်း၊ ချင်းကျိုး(Qinzhou)ဆိပ်ကမ်းတွင် ရှုပ်ယှက်ခတ်နေခြင်းသည် နိုင်ငံတစ်ဝှမ်းရှိ အဓိကဆိပ်ကမ်းများတွင် စီးပွားရေးတိုးတက်နေမှုကို ထင်ဟပ်စေကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကွမ်ရှီးဒေသ၏ ကမ်းရိုးတန်းမြို့များဖြစ်သည့် Beihai၊ Qinzhou နှင့် Fangchenggang တို့ရှိ ဆိပ်ကမ်းသုံးခုပါဝင်သည့် Beibu Gulf Port မှ ကုန်စည်စီးဆင်းမှုသည် တန်ချိန် (၁၂၁)သန်းရှိပြီး ယခင်နှစ်ထက် (၆)ရာခိုင်နှုန်းနီးပါး တိုးလာခဲ့ကြောင်း၊ ဆိပ်ကမ်းမှ ပို့ဆောင်သည့် ကွန်တိန်နာအရေအတွက်သည် ပေ(၂၀)ကွန်တိန်နာ အလုံး (၂.၉၅)သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၁၃.၇၄) ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံ၏ ဆိပ်ကမ်းများတွင် ကုန်စည်စီးဆင်းမှုသည် ယခင်နှစ်ထက် (၇.၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန်အားဖြင့် (၅.၂၈)ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ပေ(၂၀) ကွန်တိန်နာ (၉၅.၄၃)သန်းရှိခဲ့ပြီး ယခင်နှစ်ထက် (၄.၈)ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း တရုတ်နိုင်ငံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရှိရပါသည်။

ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို ညွှန်ပြနေသည့်သင်္ကေတတစ်ခု ဖြစ်ပြီး ဆိပ်ကမ်းများနှင့် နိုင်ငံခြားကုန်သွယ်မှုသည် ဆက်စပ်နေသည်ဟု China Ports & Harbors Association ၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌ Chen Yingming က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

GACC မှ ထုတ်ပြန်သော အချက်အလက်များအရ တရုတ်၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုသည် ယခုနှစ် ပထမငါးလတွင် (၉.၉)ရာခိုင်နှုန်း မြင့်တက်

Agribusiness & Trade

ခဲ့ပြီး ယွမ် (၂.၅၉)ထရီလီယံသို့ ရောက်ရှိခဲ့ရာ ပို့ကုန်အနေဖြင့် (၁၆.၄)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

Beibu Gulf Port သည် တရုတ်နိုင်ငံ၏ အနောက်ဘက်ခြမ်းနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား အပြန်အလှန်ဆက်သွယ်နိုင်ရေးအတွက် အချက်အချာကျသော ဆိပ်ကမ်းတစ်ခု ဖြစ်ပြီး အာဆီယံနိုင်ငံများသို့ တင်ပို့မှု ဆက်တိုက်မြင့်တက်လာခြင်းကြောင့် ကုန်စည်စီးဆင်းမှုတွင် အံ့မခန်းတိုးတက်မှုကို ရရှိခဲ့ကြောင်း သိရှိရပါသည်။

Beibu Gulf Port သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့် ဒေသပေါင်း (၁၀၀)ကျော်ရှိ ဆိပ်ကမ်းပေါင်း (၂၀၀)ကျော်ကို ချိတ်ဆက်ထားရာ အာဆီယံအဖွဲ့ဝင်များ၏ ဆိပ်ကမ်းများကို အပြည့်အဝချိတ်ဆက်ထားနိုင်ကြောင်း Beibu Gulf Port Group ၏ ဥက္ကဋ္ဌ Li Yanqiang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဆိပ်ကမ်းသည် ပထဝီဝင်အနေအထားအရ ကမ္ဘာ့ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုတွင် အလွန်အရေးပါသောနေရာ၌ တည်ရှိနေကြောင်းနှင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုသည် ဆိပ်ကမ်းတွင် ကုန်စည်ဝင်ရောက်မှု စဉ်ဆက်မပြတ် မြင့်တက်လာခြင်း၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း Li က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: https://english.news.cn/20230618/6e41a146985f44458e11fbe5f9c3cc7e/ c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

AB business & Trade

## အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုတွင် မေလ၌ သွင်းကုန်မြင့်တက်လာခြင်းသည် ပြည်တွင်း စီးပွားရေးတည်ငြိမ်မှုကို ပြသနေကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်

ကုန်သွယ်မှုတွင် သွင်းကုန်ပမာဏသည် မေလအတွင်း ဆက်တိုက် မြင့်တက်လာခြင်းသည် ကုန်သွယ်မှု လိုငွေကို ၅ လ ဆက်တိုက်ဖြစ်စေပြီး ယင်းသည် ပြည်တွင်းစီးပွားရေးတည်ငြိမ်မှုကို ပြသနေသည်ဟု စီးပွားရေးပညာရှင်များက ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် ပြီးခဲ့သည့်လထက် ၀.၇ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံသို့ ရောက်ရှိခဲ့သော်လည်း သွင်းကုန်ပမာဏသည် ပြီးခဲ့သည့် လထက် ၁၄.၅ ရာခိုင်နှုန်း ထိမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၇.၁ ဘီလီယံအထိ ရှိခဲ့ပါကြောင်းနှင့်

ကုန်သွယ်မှုလိုငွေသည် ပြီးခဲ့သည့်လတွင် အမေရိကန်ဒေါ်လာ ၁၅.၁ ဘီလီယံ သာရှိခဲ့ရာမှ မေလတွင် ၂၂.၁ ဘီလီယံထိ ရှိခဲ့ကြောင်း သိရှိရပါသည်။

ရွှေတင်သွင်းမှုမှာ သုံးဆကျော်မြင့်တက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃.၇ ဘီလီယံအထိ ရှိခဲ့ပါကြောင်းနှင့် အောက်တိုဘာလနောက်ပိုင်း အမြင့်မားဆုံးဖြစ်ပါကြောင်း၊ ရေနံတင်သွင်းမှုမှာ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါကြောင်း၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကဲ့သို့သော လူသုံးကုန်ပစ္စည်းများစသည့် စက်မှုလုပ်ငန်းသုံးကုန်စည်တင်သွင်းမှုမြင့်တက်လာခြင်းသည် ပြည်တွင်းဝယ်လိုအားပြန်လည်အားကောင်းလာမှုကို ညွှန်ပြနေပါကြောင်း၊ ယခုမိုးရာသီ သီးနှံစိုက်ပျိုးချိန်တွင် ဓါတ်မြေသြဇာတင်သွင်းမှုမှာလည်း သိသာထင်ရှားစွာမြင့်တက်လာကြောင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးပညာရှင်ဖြစ်သူ Rahul Bajoria က ပြောကြားထားပါသည်။

သို့ရာတွင် စီးပွားရေးပညာရှင်များသည် မေလအတွင်း ကုန်သွယ်မှုလိုငွေပြမှုသည် ပိုမိုများလာပြီး ယခုဘဏ္ဍာရေးနှစ်တွင် မျှော်မှန်းထားသည့် စီမံခန့်ခွဲနိုင်သော ကုန်သွယ်မှုလိုငွေကို ကျော်လွန်နေသည်ကို လျစ်လျူရှုထားကြကြောင်း၊ ကုန်စည်ဈေးနှုန်းများကျဆင်းခြင်း၊ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုများပြားလာခြင်း၊ ငွေပို့ငွေလွှဲများ မြင့်တက်လာခြင်းသည် ယခုအချိန်အထိ ကုန်သွယ်မှုပမာဏကွာဟချက်ကို အထောက်အကူပြု ထိန်းကြောင်းဆောင်ရွက်ပေးနေပါကြောင်းနှင့် ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးနှေးကွေးနေမှုကြောင့် ကုန်ပစ္စည်းဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်ထက်နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်းထက် အကျဘက်သို့ ဦးတည်နေသည်ဟု Bajoria က ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

Source: India's merchandise import jump in May signals stable local economy: Economist, The Economic Times, 17 June 2023.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………

Agribusiness & Trade